# ပညာရေးဒီဂရီကောလိပ် သင်ရိုးမာတိကာ[1]

# မြန်မာစာ

- *စာသင်နှစ် - ၄ နှစ်၊ စာသင်နှစ်ဝက် ၈ ခု*
- *စာသင်ချိန် - ပထမနှစ်တွင် တစ်ပတ်လျှင် ၅၀ မိနစ် စာသင်ချိန် ၃ ချိန်၊*
  *ဒုတိယနှစ်၊ တတိယနှစ် နှင့် စတုတ္ထနှစ်တွင် တစ်ပတ်လျှင် ၅၀ မိနစ် စာသင်ချိန် ၄ ချိန်။*

## ၁။ နိဒါန်း

ဤ မြန်မာစာဘာသာရပ်သည် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းတွင် ပါဝင်ပါသည်။ မြန်မာနိုင်ငံ၏ အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် သတ်မှတ်ထားသော မြန်မာစာဘာသာရပ်တွင်ပါရှိသော သင်ရိုးအကြောင်းအရာများကို သင်ကြားနိုင်သော ဆရာများအဖြစ် ပြင်ဆင်လေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်ပြီး ဤဘာသာရပ်ကို ထည့်သွင်းထားခြင်းဖြစ်သည်။ ကျောင်းသား[2] (သို့မဟုတ်) မူလတန်းဆရာလောင်းများသည် ဘာသာရပ်နှင့် ဆိုင်သော အခြေခံ က ျွမ်းကျင်မှုများ ကောင်းမွန်စွာရရှိစေရန် အတွက် မူလတန်း၊အလယ်တန်းအဆင့် နှင့် ကိုက်ညီသော စာပေစံများကို သင်ယူရမည်ဖြစ်ပြီး မူလတန်းကျောင်းသားများကို ထိရောက်စွာသင်ကြားနိုင်မည့် ဆရာများ ဖြစ်လာစေရန် ရည်ရွယ်ပါသည်။ (ပညာရေးဒီဂရီကောလိပ်သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ ၂၀၁၈)

[1] ဤ မြန်မာစာဘာသာရပ်အတွက် သင်ရိုးမာတိကာသည် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် (၂၀၁၈) ကို အခြေခံပြီး ၄-နှစ်သင် လုပ်ငန်းခွင်အကြို ပညာရေးဒီဂရီကောလိပ်၊ မူလတန်းသင်ကြားရေး အထူးပြုလမ်းကြောင်းကို ရွေးချယ်ထားသူများအတွက် ပြုစုရေးသားထားခြင်းဖြစ်သည်။

[2] ဤသင်ရိုးမာတိကာတွင် ဖော်ပြထားသော "ကျောင်းသား" သည် "ပညာရေးဒီဂရီကောလိပ်ကျောင်းသား" ကို ရည်ညွှန်းပါသည်။

ထိုရည်ရွယ်ချက်များ ပြည့်မီစေရန်အတွက် ဤဘာသာရပ်တွင် ကျောင်းသားများကို ၎င်းတို့ သင်ကြားမည့် မူလတန်းကျောင်းသားများ၏ ဘက်စုံတိုးတက်မှုကို ကူညီဆောင်ရွက်ပေးနိုင်မည့် လိုအပ်သော စွမ်းရည်များ တိုးတက်လာစေရန် ပံ့ပိုးပေးမည်ဖြစ်သည်။ ဤဘာသာရပ် သင်ယူပြီးမြောက်ပါက ကျောင်းသားများသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတများ၊ သင်ကြားသင်ယူမှု ဖြစ်စဉ်များ နှင့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများ စသည့် ကျွမ်းကျင်မှုများ ရရှိမည် ဖြစ်သည်။ ထိုကျွမ်းကျင်မှုများသည် ၎င်းတို့၏ မူလတန်းကျောင်းသားများကို မြန်မာစာဘာသာရပ်အတွက် ချမှတ်ထားသော သင်ယူမှုဦးတည်ချက်များကို ပေါက်မြောက်အောင် သင်ကြားနိုင်ရန် ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။

***မြန်မာစာဘာသာရပ်တွင် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများအတွက် ချမှတ်ထားသော သင်ယူမှုရလဒ်များ***

- သင်ယူမှုရင်းမြစ်များ အပါအဝင် အခြေခံပညာသင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် ပညာရေး ကောလိပ် မြန်မာစာဘာသာရပ်တို့၏ ပေါင်းစည်းချိတ်ဆက်မှုကို ကောင်းစွာ နားလည်သဘော ပေါက်ပြီး၊ ကျောင်းသားများ၏ တတ်ကျွမ်းမှုများ အတန်းစဉ်အလိုက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရေး အတွက် အသုံးပြုနိုင်ရန်။
- အခြေခံပညာအဆင့်အလိုက် သတ်မှတ်ထားသော မြန်မာစာဘာသာရပ်၏ ရည်ရွယ်ချက်များ အတိုင်း တတ်မြောက်စေရန် ကျောင်းသားများ၏ သင်ယူမှုလုပ်ငန်းစဉ်ကို ထိရောက်စွာ ပံ့ပိုးနိုင်ရေး အတွက် ပညာရေးကောလိပ် မြန်မာစာဘာသာရပ်မှ ရရှိသည့် ဆရာအတတ်ပညာတတ်ကျွမ်းမှုများကို လက်တွေ့သင်ကြားရေးတွင် အသုံးချနိုင်ရန်။

## *မြန်မာစာဘာသာရပ်တွင် မူလတန်းကျောင်းသားများအတွက် ချမှတ်ထားသော သင်ယူမှု ဦးတည်ချက်များ*

- မြန်မာဘာသာစကားဆိုင်ရာ အခြေခံသဘောတရားများကို စနစ်တကျ သိရှိနားလည်ရန်။
- မြန်မာဘာသာဆိုင်ရာအပြောအဆို၊ အနာအကြား၊ ရွတ်ဖတ်ခြင်းနှင့် အရေးအသားဆိုင်ရာ အခြေခံကျွမ်းကျင်မှုများရ ရှိရန်။
- အကြောင်းအရာ၊အချက်အလက်များကို စနစ်တကျပြန်လည်တင်ပြခြင်း၊ စဉ်းစားတွေးခေါ်တီထွင်ဖန်တီး တတ်ခြင်း အပါအဝင် မြန်မာဘာသာ စကားဆိုင်ရာ ကျွမ်းကျင်မှုများရရှိရန်။
- မြန်မာဘာသာစကား၏ အနှစ်သာရကို တန်ဖိုးထားထိန်းသိမ်းတတ်ရန်။
- မြန်မာဘာသာစကား၏ ယဉ်ကျေးမှုနှင့်စိတ်ဓာတ်ပိုင်းဆိုင်ရာ အခြေခံအကျင့်ကောင်းများမှတစ်ဆင့် ယဉ်ကျေးစွာပြောဆိုပြုမူလုပ်ဆောင် တတ်ရန်။

## *မြန်မာစာဘာသာရပ်တွင် အလယ်တန်းကျောင်းသားများအတွက် ချမှတ်ထားသော သင်ယူမှု ဦးတည်ချက်များ*

*သဒ္ဒါ*

- မြန်မာ အသုံးအနှုန်းများကို နားလည်သဘောပေါက်ရန် မည်သည့်အရာအား နားလည်သည်ကို ရှင်းပြနိုင်ရန်။
- ဝေါဟာရများ အသုံးပြုမှုကို နားလည်သဘောပေါက်ရန် နှင့် မှန်ကန်စွာ အသုံးချနိုင်ရန်။
- မှန်ကန်သော စာကြောင်းများ ဖွဲ့စည်းပုံကို နားလည်သဘောပေါက်ရန်။
- သဒ္ဒါမှန်ကန်စွာ ဖွဲ့စည်းပုံနှင့် မှန်ကန်သော အရေးအသားများကို ဖွဲ့စည်း ရေးသားရန်။
- စကားပြေနှင့် ကဗျာ ကို လေ့လာရန်။

*ကဗျာ*

- မတူညီသော ကဗျာ အမျိုးအစားများကို လေ့လာရန်။
- မြင်သာသော အဓိပ္ပါယ်များ ဖြစ်ပေါ်အောင် မှန်ကန်သော အသံနေအသံထားဖြင့် ကဗျာများကို ကျယ်လောင်စွာ ဖတ်ရှုရန်။
- ခက်ခဲသော စကားလုံးများ နှင့် စကားစုများ ၏ အဓိပ္ပါယ်ကို နားလည်ရန် နှင့် စာကြောင်းများ ပြုလုပ်ရန်။

- ကဗျာများ၏ အဓိက အတွေးအခေါ်များ နှင့် အကြောင်းအရာများကို ရှင်းပြရန်။

*စကားပြေ*

- ဖတ်ရှုခြင်းဖြင့် နားလည်သဘောပေါက်ရန် နှင့် မည်သည့်အရာကို နားလည်သည်ကို ရှင်းပြရန်။
- စကားလုံးများ၏ အသုံးပြုမှုကို မြှင့်တင်နိုင်ရန် နှင့် မှန်ကန်စွာ အသုံးချရန်။
- မတူညီသော စကားပြေအမျိုးအစားများကို ဖတ်ရှုခြင်း နှင့် လေ့လာခြင်းဖြင့် မှန်ကန်သော အရေးအသားများ ဖွဲ့စည်းရေးသားရန်။
- ဘဝအတွေ့အကြုံများ နှင့် စာပေများကို ဆက်စပ်ပြီး သင်ခန်းစာများကို သင်ယူရန်။

## ၂။ ဘာသာရပ် ဖော်ပြချက်

ဤဘာသာရပ်သည် မြန်မာနိုင်ငံ၏ အနာဂတ် နိုင်ငံသားကောင်းများ လူ့ဘောင်အဖွဲ့အစည်းများကို ဖန်တီးမြှင့်တင်ပေးနိုင်သည့် အခြေခံပညာ သင်ရိုးညွှန်းတမ်း၏ တန်ဖိုးထားမှု နှင့် သဘောထားများကို နမူနာယူပြီး ကျောင်းသားများကို မြန်မာစာဘာသာရပ် သင်ကြားနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများကို မြှင့်တင်ပေးမည်ဖြစ်သည်။ ကျောင်းသားများသည် မတူညီသော ယဉ်ကျေးမှု၊ ရိုးရာဓလေ့များ နှင့် အတူ မြန်မာဘာသာကို ချစ်မြတ်နိုးတန်ဖိုးထားမှုများ ဖြစ်ပေါ်မည် ဖြစ်ပြီး မူလတန်းကျောင်းသားများအတွက် ပိုမို အဓိပ္ပါယ်ရှိသော သင်ယူမှုဖြစ်ပေါ်စေရန် လူမှုရေးနှင့် ယဉ်ကျေးမှု အတွေ့အကြုံများကို အခြေခံပြီး မြန်မာဘာသာစကား၏ အနှစ်သာရကို ထိန်းသိမ်းသော သင်ခန်းစာများကို ပြင်ဆင်နိုင်ရန် နှင့် ကူညီထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ပါသည်။ ဤအတန်းကာလတွင် ကျောင်းသားများသည် ဘာသာစကား သင်ယူမှုအတွက် စနစ်တကျ ချဉ်းကပ်နည်းများကို နားလည်သဘောပေါက်မည်ဖြစ်ပြီး သင်ကြားမှု တွင် ထိုယန္တရားကို အသုံးချနိုင်မည် ဖြစ်သည်။ ကျောင်းသားများသည် အခြေခံကျွမ်းကျင်မှုများကို ရရှိမည် ဖြစ်ပြီး သင်တန်းကာလတွင် မြန်မာဘာသာစကား၏ အနားအကြား၊အပြောအဆို၊ အရေးအဖတ် စသည်တို့ကို တက်ကြွသော ဆက်သွယ်ပြောဆိုခြင်း၊ ပြန်လည်တင်ပြခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိမည် ဖြစ်သည်။ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်အရ ပထမနှစ် နှင့် ဒုတိယနှစ် တွင် ကျောင်းသားများကို မြန်မာစာ၏ အခြေခံဗဟုသုတများ နှင့် မြန်မာစာ ဘာသာသင်ကြားနိုင်ရန် အခြေခံ သင်ကြားနည်း အကြောင်းအရာ ဗဟုသုတများ တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ တတိယနှစ် နှင့် စတုတ္ထနှစ် တွင် ကျောင်းသားများသည် မြန်မာစာ ဘာသာရပ် အကြောင်းအရာဗဟုသုတများကို ပိုမိုနက်နက်နဲနဲ သိရှိရန် နှင့် မူလတန်း မြန်မာစာ၏ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားနည်းများနှင့် စစ်ဆေးအကဲဖြတ်မှုများကို စနစ်တကျ နားလည်သဘောပေါက်ရန် ရည်ရွယ်ပါသည်။

## ၃။ သင်ကြားမှုနည်းလမ်းများ

ဤအတန်းသည် ကျောင်းသားများကို အနာအကြား၊အဖတ်အရွတ်နှင့် အရေးအပြော စသည့် အခြေခံဘာသာစကား ကျွမ်းကျင်မှုများကို လေ့ကျင့်ရန်အတွက် အခွင့်အလမ်းများပေးမည် ဖြစ်သည်။ ကျောင်းသားများသည် စူးစမ်းရှာဖွေသည့် ချဉ်းကပ်နည်းကို အသုံးပြုပြီး မြန်မာဘာသာစကား၏ အခြေခံ စည်းမျဉ်းများကို ကျွမ်းကျင်ပိုင်နိုင်မည် ဖြစ်သည်။ ကျောင်းသားများသည် မေးခွန်းမေးခြင်း၊ ဖြေကြားခြင်း၊ အုပ်စုဆွေးနွေးခြင်း၊ တစ်ဦးချင်း ( သို့) နှစ်ယောက်တွဲလုပ်ငန်း၊ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခြင်း၊ သရုပ်ပြသင်ကြားခြင်း၊ အချင်းချင်းအုပ်စုဖွဲ့ သင်ကြားခြင်း၊ ဗီဒီယို တင်ပြခြင်း၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ ပြဿနာ ဖြေရှင်းခြင်း စသည့် သင်နည်းဗျူဟာ အမျိုးမျိုးဖြင့် သင်ယူရမည် ဖြစ်ပြီး ထိုသင်နည်းများကို မိမိတို့ပြန်လည်သင်ကြားမည့် စာသင်ခန်းတွင် အသုံးချနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဘာသာစကား နှင့် ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများကို ပုံပြင်များ၊ ကဗျာများ၊ ဇာတ်လမ်းများ၊ သီချင်းများ နှင့် ရေးသားသည့် အလေ့အထများ စသည့် မြန်မာစာပေများနှင့် တီထွင်ဖန်တီး ဆက်နွယ်မှုမှ တစ်ဆင့် ပိုမိုနက်နဲသော နားလည်မှုများ ဖြစ်ပေါ်လာမည် ဖြစ်သည်။ ကျောင်းသားများသည် မြင်သာသော အသံဖိုင် အထောက်အကူပစ္စည်းများ၊ အဘိဓာန်များ နှင့် ဗီဒီယို ဖိုင်များ ကို အသုံးပြုပြီး ဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာမည် ဖြစ်သည်။ ထို့ပြင် အတန်းတွင်း နှင့် အတန်းပြင်ပတွင် စာပေဖွံ့ဖြိုးမှု လုပ်ငန်းများ (စကားပြောပွဲ၊ စကားရည်လုပွဲ၊ စာစီစာကုံး၊ ယှဉ်ပြိုင်ခြင်း၊ ပိုစတာပြုလုပ်ခြင်း) ကို အသုံးပြုမည် ဖြစ်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းများကို သင်ကြားသင်ယူမှုလုပ်ငန်းစဉ်အတွင်း သင်ယူနေစဉ် နှင့် သင်ယူပြီးကာလတွင် အသုံးပြုမည် ဖြစ်သည်။ ထိုသင်ကြားသင်ယူမှု နည်းလမ်းများ နှင့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများသည် မူလတန်းကျောင်းသားများ၏ မတူညီသော လိုအပ်ချက်များ ဖြစ်သည့် ပင်ကိုစွမ်းရည်ရှိသူများ၊ အထူးအကူအညီလိုအပ်သူများ၊ စကားနည်းသူများ (သို့) အရှက်အကြောက်ကြီးသူများ၊ ကျားမ ကွဲပြားခြားနားမှုများ၊ တိုင်းရင်းသားလူမျိုးများ၊ ဘာသာရေးကွဲပြားမှုများ၊ အရင်းအမြစ်မလုံလောက်မှု၊ ဘာသာစကားမတူသူများ စသည့် အချက်များကို ပြန်လည်သုံးသပ်နိုင်သည့် အခွင့်အလမ်းများ ပေးမည်ဖြစ်ပြီး ကျောင်းသားတစ်ဦးချင်းစီ၏ သင်ယူမှုလိုအပ်ချက်များကို သီးခြားနားလည်သဘောပေါက်စေမည် ဖြစ်သည်။ အခြားသင်ယူမှုနယ်ပယ်များ၊ ဘာသာရပ်များ နှင့် ချိတ်ဆက်ပြီး မြန်မာဘာသာသည် ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ ဗဟုသုတ နှင့် နားလည်သဘောပေါက်မှုကို အသုံးချပြီး ဘက်စုံတိုးတက်သော အလုံးစုံ ကျွမ်းကျင်ဆရာများဖြစ်လာစေရန် အထောက်အကူပြုပေးမည် ဖြစ်သည်။

## ၄။ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်[3]

ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဝင်စ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် မူကြမ်းမှ မြန်မာစာဘာသာရပ်နှင့် ကိုက်ညီသော အဓိက တတ်ကျွမ်းမှုများကို ဖော်ပြထားခြင်း ဖြစ်သည်။ ကျောင်းသားများ သိရှိထားသင့်သည့် ယေဘုယျ အကြောင်းအရာများ နှင့် ဤအတန်းပြီးဆုံးပါက အဆင်သင့်ဖြစ်သော ဆရာများ ဖြစ်လာစေနိုင်သည့် အကြောင်းအရာများကို ဤတတ်ကျွမ်းမှုစံသတ်မှတ်ချက်များမှ လမ်းညွှန်ပေးမည် ဖြစ်သည်။

မြန်မာစာ ဘာသာရပ်တွင် ကျောင်းသားများသည် **"ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်"**၏ နယ်ပယ် ၄ ခု စလုံးတွင် ဖော်ပြထားသော တတ်ကျွမ်းမှုများကိုသင်ယူရရှိကြောင်း ပြသရမည် ဖြစ်သည်။ ၎င်းနယ်ပယ်များမှာ -

- ပညာရပ်နယ်ပယ် (က) ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု
- ပညာရပ်နယ်ပယ် (ခ) ဆရာအတတ်ပညာဆိုင်ရာကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ
- ပညာရပ်နယ်ပယ် (ဂ) ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ
- ပညာရပ်နယ်ပယ် (ဃ) ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု

---

[3] ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်ဝင်စ ဆရာများအတွက်၊ မူကြမ်း ၃.၂၊ စာမျက်နှာ ၅၂ - ၆၂

အောက်ဖော်ပြပါ ယေဘုယျတတ်ကျွမ်းမှုစံသတ်မှတ်ချက်များသည် မြန်မာစာဘာသာရပ်၏ အခန်းများ(strands)တွင်ပါရှိသည့် မျှော်မှန်းထားသောသင်ယူမှုရလဒ်များ နှင့် ချိတ်ဆက်ထားခြင်းဖြစ်သည်။

| တတ်ကျွမ်းမှုစံ | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (က-၂) ရရှိအသုံးပြုနိုင်မည့် ပညာရေးဆိုင်ရာနည်းပညာများကို ဆီလျော်စွာ အသုံးပြုနိုင်မှုကို သိသည်။ | (က)(၂.၁)သင်ကြားသင်ယူမှုဆိုင်ရာနည်းဗျူဟာ အမျိုးမျိုးနှင့် ရင်းမြစ် အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၂.၁.၁) ကျောင်းသားများ အချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများ ကို ပြင်ဆင် ဆောင်ရွက်သည်။ |
| (က- ၄)- သင်ရိုးညွှန်းတမ်းအကြောင်းသိသည်။ | (က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထား သော သင်ယူမှုရလဒ်များ ကိုနားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က)(၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။<br>(က)(၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊သင်ယူမှု လုပ်ငန်းများနှင့် |

| | | |
|---|---|---|
| | | သင်ထောက်ကူပစ္စည်းများပါဝင်သော သင်ပြမှုပုံစံများကိုပြင်ဆင်ရေးဆွဲသည်။<br>(က)(၄.၁.၃)<br>မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မှုများကိုဖော်ပြသည်။ |
| (က- ၅) - ဘာသာရပ် အကြောင်းအရာကို သိသည်။ | (က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၅.၁.၁)အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်များအတွက် အဓိက အသိသညာ၊ ကျွမ်းကျင်မှု၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။ |
| (ခ-၁) သင်ကြားမှုနည်းဗျူဟာ အမျိုးမျိုးကိုအသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကိုသင်ကြားသည်။ | (ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၁.၁.၁) သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာ နှင့် ရည်ရွယ်ထားသော သင်ယူမှု ရလဒ်များကို ရှင်းရှင်းလင်းလင်း ရှင်းပြသည်။ |
| | (ခ)(၁.၃) ကျောင်းသားများ၏သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲ ပြင်ဆင်နိုင်ကြောင်းပြသည်။ | (ခ)(၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စား မှုရှိရန်၊ ၄င်းတို့၏ သင်ယူလို စိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှု |

| | | |
|---|---|---|
| | | အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်း ပျိုးပေးသည်။ |
| (ခ-၂) ကျောင်းသားများ၏ သင်ယူမှုကိုစစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ် ခြင်း နှင့် အစီရင်ခံခြင်း | (ခ)(၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်ရှိကြောင်းပြသည်။ | (ခ) (၂.၁.၃) ကျောင်းသားများ ၏နားလည်မှုကို စစ်ဆေးနိုင်သည့် ၊သုံးသပ်အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်း များကို အသုံးပြုသည်။ |
| (ဂ-၁) ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အတွက် အကျိုးပြုတာဝန်ထမ်းဆောင်သည်။ | (ဂ)(၁-၂) ဆရာအဖြစ် အသက်မွေးဝမ်း ကျောင်းပြုရာတွင် မိမိ၏လက်တွေ့သင်ကြားမှုများကို လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည်ကြောင်းပြသသည်။ | (ဂ)(၁.၂.၁) သင်ကြား၊ သင်ယူမှုဆိုင်ရာ ချဉ်းကပ် နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။<br>(ဂ)(၁.၂.၂) မိမိကိုယ်ပိုင်သင်ကြား၊ သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်း များကိုဖော်ပြသည်။ |
| (ဂ-၃) ကျောင်းသားအားလုံး ပညာရေး အရည်အသွေးမြင့်မားစေရန် နှင့် ပညာသင်ယူခွင့် မျှတမှုရှိစေရန် မြှင့်တင်ဆောင်ရွက်သည်။ | (ဂ)(၃-၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏စွမ်းရည်အလိုက် သင်ယူနိုင် သည် ဟူသောယုံကြည်မှု သဘောထားကို ဖော်ပြသည်။ | (ဂ)(၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင် ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့် ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။ |

| | | |
|---|---|---|
| | (ဂ)(၃-၃)ကျောင်းသားများ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ကမ္ဘာ့နိုင်ငံသား ဖြစ်မှုအကြောင်းအရာများကို နားလည်နိုင်ရန်အတွက် ပြုစုပျိုးထောင်ပေးနိုင် စွမ်းရှိကြောင်းပြသသည်။ | (ဂ)(၃.၃.၁) ရေရှည် တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များ နှင့်ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ကျောင်းအခြေပြု လုပ်ငန်းများတွင် ပေါင်းစပ် ဆောင်ရွက် နိုင်သည်။ |
| (ဃ-၁) မိမိ ၏ သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ်သုံးသပ်သည်။ | (ဃ)(၁- ၁) မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ်စဉ်းစားသုံးသပ်သည်။ | (ဃ)(၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏အကျိုး သက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစားသုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှု အထောက်အထားများကို အသုံးပြုသည်။ |
| (ဃ-၂) သင်ကြားရေးလက်တွေ့ကျင့်သုံးမှုများ တိုးတက်မြင့်မားရေး အတွက် လုပ်ဖော်ကိုင်ဖက် များနှင့် ပူးပေါင်းဆောင်ရွက်သည်။ | (ဃ)(၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာ ဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများ အားဖြင့်လည်းကောင်း၊ မိမိ၏လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ)(၂.၁.၁)လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက် များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာဖြင့် လက်ခံရယူသည်။ |

## ၅။ နှစ်အလိုက်ဘာသာရပ်အကြောင်းအရာများ နှင့် နယ်ပယ်များ[4]

ဤအပိုင်းတွင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် (၂၀၁၈) မှ မော်ဂျူး (၂-၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းကို သင်ကြားခြင်း နှင့် မော်ဂျူး (၂-၂) သင်ကြားမှုအား ကျွမ်းကျင်ခြင်း တွင် ဖော်ပြထားသော လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် အစီအစဉ်၏ မူလတန်းသင်ကြားရေးအထူးပြုလမ်းကြောင်းကို ရွေးချယ်သူများအတွက် မြန်မာစာဘာသာရပ်တွင် သင်ကြားရမည့် အကြောင်းအရာများ နှင့် ကျွမ်းကျင်မှုများကို ခြုံငုံပြီး ဖော်ပြထားခြင်း ဖြစ်သည်။

[4] ဒုတိယနှစ်မှ စတုတ္ထနှစ်အထိ သင်ယူမှုရလဒ်များသည် အတည်ပြုထားခြင်းမရှိသေးဘဲ ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိပါသေးသည်။

| **အခန်းများ (Strands)** | **အခန်းငယ်များ (Sub-strands)** | **မော်ဂျူး (၂-၁)**<br>**အခြေခံပညာ သင်ရိုးညွှန်းတမ်းအား သင်ကြားခြင်း** | | **မော်ဂျူး (၂-၂)**<br>**သင်ကြားရေး ကျွမ်းကျင်ခြင်း** | |
|---|---|---|---|---|---|
| | | **အခြေခံ စာသင်နှစ်များ** | | **မူလတန်းသင်ကြားရေး အထူးပြု** | |
| | | **ပထမနှစ်** | **ဒုတိယနှစ်** | **တတိယနှစ်** | **စတုတ္ထနှစ်** |
| | | ***မူလတန်း***<br>*ကျောင်းအဆင့်တွင် သင်ကြားနိုင်ရန် သင်ယူခြင်း* | ***အလယ်တန်း***<br>*ကျောင်းအဆင့်တွင် သင်ကြားနိုင်ရန် သင်ယူခြင်း* | *မူလတန်း နှင့် အလယ်တန်းအဆင့် နှင့် ကိုက်ညီသော စာပေစံများပါဝင်သည့်* ***မူလတန်းကျောင်း****အဆင့် သင်ကြားရေး အထူးပြု* | |
| | | ကျောင်းသားများသည် အောက်ဖော်ပြပါ တို့ ကို ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ | ကျောင်းသားများသည် အောက်ဖော်ပြပါ တို့ ကို ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ | ကျောင်းသားများသည် အောက်ဖော်ပြပါ တို့ ကို ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ | ကျောင်းသားများသည် အောက်ဖော်ပြပါ တို့ ကို ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ |

| | | | | | |
|---|---|---|---|---|---|
| မြန်မာစာ ဘာသာရပ် မိတ်ဆက် | ပထမနှစ်မြ မြန်မာစာ သင်ရိုး ညွှန်းတမ်း အကျဉ်း | •ကျောင်းများတွင် မြန်မာဘာသာစကား သင်ကြားခြင်း၏ အကြောင်းအရင်းကို ပြောပြနိုင်ရန်။ •အခြေခံပညာ မူလတန်း သင်ရိုးညွှန်းတမ်း တွင် မြန်မာစာဘာသာရပ်၏ ဖွဲ့စည်းပုံ နှင့် ရည်ရွယ်ချက်များကို ရှင်းပြနိုင်ရန်။ •ပညာရေးကောလိပ်ပထ ပထမနှစ်တွင် သင်ကြားမည့် မြန်မာစာသင်ရိုး ညွှန်းတမ်း၏ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းပုံတို့ကို အချုပ်အားဖြင့် သိရှိနိုင်ရန်။ | • ပညာရေးဒီဂရီ ဒုတိယနှစ် မြန်မာဘာသာစကား တွင် သင်ကြားမည့် အတန်းဖွဲ့စည်းပုံ နှင့် ရည်ရွယ်ချက်များကို ခြုံငုံသိရှိနိုင်ရန်။ •အလယ်တန်းအဆင့် မြန်မာစာ သင်ကြားနိုင်ရန် ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းမှ မည်သို့ပြင်ဆင်ပေးသ သည်ကို ဆွေးနွေးနိုင်ရန်။ | • ပညာရေး ဒီဂရီ၏ လေးနှစ်သင် ကာလတွင် မြန်မာဘာသာကို သ သင်ကြားမည့် အ အတန်းအဆင့်ဆင့် တိုးတက်လာပုံနှင့် ရည်ရွ ည်ရွယ်ချက်များကို မှတ်သားနိုင်ရန် နှင့် အသုံးချနိုင်ရန်။ •မူလတန်းအဆင့်မြန်မာစာ သင်ကြားနိုင်ရန် ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းမှ မည်သို့ ကောင်းမွန်စွာ ပြင်ဆင်ပေးသည်ကို အကဲဖြတ်နိုင်ရန်။ | •ပညာရေးကောလိပ် ဒီဂရီ၏ ၄ နှစ်ကာလတွင် မြန်မာစာသင်ကြား ခြင်း၏ ရည်ရွယ်ချ ချက်များ နှင့် တန်ဖိုးထား မှုများကို မှတ်သားနိုင်ရန် နှင့် အကဲဖြတ်နိုင်ရန်။ •အခြေခံပညာ အဆင့်မြန်မာစာ သင်ကြားနိုင်ရန် ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းမှ မည်သို့ပိုမိုကောင်းမွန် န်အောင် လုပ်ဆောင်သင့် သည်ကို အကြံဉာဏ်များ ပေးနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| ဘာသာစ<br>ကားဖွံ့ဖြိုး<br>မှုနှင့်<br>သင်ယူမှု | ဘာသာ<br>စကား<br>ဖွံ့ဖြိုးမှု | ဘာသာစကား<br>ဆိုသည်မှာ<br>မည်ကဲ့သို့သော<br>အရာဖြစ်သည်ကို<br>ရှင်းပြနိုင်ရန်။<br>ဘာသာစကား ဖွံ့ဖြိုးမှု<br>သီအိုရီများကို<br>နှိုင်းယှဉ်ပြနိုင်ရန်။<br>ဘာသာစကားဖွံ့ဖြိုးမှုနှင့်<br>ဦးဏှောက် ဆက်စပ်ပုံကို<br>ပြောပြနိုင်ရန်။<br>ဘာသာစကား<br>ဖွံ့ဖြိုးမှုအဆင့်များကို<br>ဖော်ပြနိုင်ရန်။ | အစောပိုင်း<br>အတန်းများတွင်<br>ဖတ်ရှုခြင်း၊ ရေးသားခြင်း<br>သင်ယူရာတွင်<br>ခက်ခဲသော ကျောင်း<br>သားများအတွက်<br>ကုစားသင်ကြားနိုင်သည့်<br>စာပေ ဖြစ်စဉ်များကို<br>ရှင်းပြနိုင်ရန်။<br>မြန်မာဘာသာစကား<br>သင်ယူခြင်း၏ မူများကို<br>ရှင်းပြနိုင်ရန်။<br>မြန်မာ စာကြောင်းဖွဲ့<br>စည်းပုံ ၏<br>မူများနှင့် နည်းဗျူ<br>မဟာများကို<br>ဖော်ပြနိုင်ရန်။<br>စကားလုံးအဆင့်တွင်<br>မြန်မာဘာသာစကား ကို<br>ရှင်းပြနိုင်ရန်။ | အစောပိုင်း<br>အတန်းများတွင်<br>စာပေဆိုင်ရာ<br>သင်ကြားသင်ယူမှု<br>ဖြစ်စဉ်ကို ခွဲခြမ်းစိတ်<br>ဖြာနိုင်ရန်။<br>မြန်မာဘာသာစကား<br>သင်ယူခြင်း၏<br>မူများကို အသုံးပြုနိုင်ရန်။<br>မြန်မာ<br>စာကြောင်းဖွဲ့စည်းပုံ<br>၏ မူများ နှင့်<br>နည်းဗျူဟာများကို<br>အသုံးပြုနိုင်ရန်။<br>စကားလုံးအဆင့်<br>တွင်<br>မြန်မာဘာသာစကား ကို<br>ဖော်ထုတ်ပြသနိုင်ရန်။ | အစောပိုင်း<br>အတန်းများတွင် စာ<br>ပေဆိုင်ရာ<br>သင်ကြားသင်ယူမှု<br>ဖြစ်စဉ် နှင့် ဆရာ<br>များအတွက် အသုံးပြုရန်<br>အဓိက<br>နည်းဗျူဟာများကို<br>အကဲဖြတ်နိုင်ရန်<br>မြန်မာ ဘာသာစကား<br>သင်ယူခြင်း<br>မူများကို<br>သင်ကြားနိုင်ရန် သင်ပြ<br>မှု<br>ပုံစံများကို ရေးဆွဲနိုင်ရန်။<br>မြန်မာစာ စာကြောင်း<br>ဖွဲ့စည်းပုံ၏ မူများ<br>နှင့် နည်းဗျူဟာများကို<br>သင်ကြားနိုင်ရန်<br>သင်ပြမှု ပုံစံများ<br>ကို ရေးဆွဲနိုင်ရန်။<br>စကားလုံးအဆင့်တွင် |

| | | | | | |
|---|---|---|---|---|---|
| | | | | | မြန်မာဘာသာစကား သင်ကြားခြင်းကို အစ အစဉ် ဆွဲနိုင်ရန်။ |
| | ဒုတိယ ဘာသာ စကား တတ် မြောက်မှု | ဒုတိယ ဘာသာစကား တတ်မြောက်မှုအခြေခံ သီအိုရီများကို ရှင်းပြနိုင်ရန်။ လူမှုဆက်ဆံရေးဘာသာ စကားနှင့် ပညာသင်ယူရေးဘာသာ စကားတို့ကို ခွဲခြားပြနိုင်ရန်။ အိမ်တွင် မြန်မာဘာသာစကား ပြောသော ကလေးများနှင့် မြန်မာစကား မပြောသောကလေးများ အကြား မတူသော မြန်မာဘာသာစကား သင်ယူတတ်မြောက်မှု ဖြစ်စဉ်ကို ခွဲခြားပြနိုင်ရန်။ | အလယ်တန်းကျောင်း တွင် မြန်မာဘာသာကို ဒုတိယဘာသာစကား အနေဖြင့် ကျောင်းသားများအား သင်ကြားမည့် သင်ကြားသင်ယူမှု ဖြစ်စဉ်ကို ရှင်းပြနိုင်ရန်။ | အခြေခံပညာတွင် မြန် မာဘာသာကို ဒုတိယဘာသာစကား အနေဖြင့် ကျောင်းသားများအား သင်ကြားမည့် သင်ကြားသင်ယူမှု ဖြစ်စဉ်ကို ခွဲခြမ်းစိတ် ဖြာနိုင်ရန်။ | အခြေခံပညာတွင် မြန်မာဘာသာကို ဒုတိယဘာသာစကား အနေဖြင့် ကျောင်း သားများအား သင်ကြားမည့် သင်ကြားသင်ယူမှု ဖြစ်စဉ်ကို အကဲဖြတ်နိုင်ရန် နှင့် ဆရာများအတွက် အဓိက သင်ကြားနည်းဗျူ ဟာများကို အသုံးပြုနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | ဘာသာ<br>စကား<br>သင်ယူမှုကို<br>ပံ့ပိုးခြင်း | ဘာသာစကားဖွံ့ဖြိုးမှုကို<br>အိမ်တွင် ပံ့ပိုးပေးနိုင်မည့်<br>နည်းလမ်းများကို ဖော်<br>ထုတ်နိုင်ရန်။<br>ကျောင်းတွင်<br>ဘာသာစကားဖွံ့ဖြိုးမှုကို<br>ပံ့ပိုးပေးနိုင်မည့်<br>နည်းလမ်းများကို ဖော်<br>ထုတ်နိုင်ရန်။<br>မြန်မာဘာသာစကား<br>ပြဆရာတစ်ဦး၏<br>အရည်အချင်းများကို<br>ဖော်ထုတ်နိုင်ရန်။ | အလယ်တန်းကျောင်းတွင်<br>ဘာသာစကားဆိုင်ရာ<br>ဗဟုသုတ နယ်ပယ် အား<br>သင်ကြားခြင်း၏<br>ရည်ရွယ်ချက်များကို<br>ရှင်းပြနိုင်ရန်။<br>အတန်းလိုက်<br>ဘာသာစကားဆိုင်ရာ<br>ဗဟုသုတ နယ်ပယ် ၏<br>ရည်ရွယ်ချက်များအား<br>သင်ကြားခြင်းအတွက်<br>ကျောင်းသုံးစာအုပ် နှင့်<br>ဆရာလမ်းညွှန်တွင်<br>အကြံပြုထားသော<br>သင်ယူမှု လုပ်ငန်းများ၏<br>နမူနာကို ပြောကြားနိုင်<br>ရန်။<br>ဘာသာစကားဆိုင်ရာ<br>ဗဟုသုတ နယ်ပယ်<br>သင်ကြားခြင်း၏<br>သင်ကြားသင်ယူမှု<br>ဖြစ်စဉ်ကို ရှင်းပြနိုင်ရန်။ | ဘာသာစကားဆိုင်ရာ<br>ဗဟုသုတ နယ်ပယ် အား<br>သင်ကြားခြင်း၏<br>အလယ်တန်းအဆင့်<br>ကျောင်းသုံးစာအုပ် နှင့်<br>ဆရာလမ်းညွှန်မှ<br>ရည်ရွယ်ချက်များနှင့်<br>သင်ယူမှု လုပ်ငန်းများကို<br>အကဲဖြတ်နိုင်ရန်။<br>အလယ်တန်း ကျောင်း<br>အဆင့်တွင် မြန်မာစာ<br>သင်ယူရာ၌ နောက်ခံ<br>မတူညီသော ကျောင်း<br>သားများ၏<br>အခက်အခဲများကို<br>ဥပမာများဖြင့်<br>ပြောကြားနိုင်ရန် န<br>င့် ကျောင်းသားများကို<br>မည်သို့ကူညီပေးနိုင်သ<br>ည့်<br>နည်းဗျူဟာများကို<br>အဆိုပြုနိုင်ရန်။ | နောက်ခံမတူညီသော<br>အလယ်တန်းကျော<br>င်းသားများကို<br>ဘာသာစကားဆိုင်ရာ<br>ဗဟုသုတ နယ်ပယ် အား<br>သင်ကြားရာတွင်<br>အလယ်တန်းအဆင့်<br>ကျောင်းသုံးစာအုပ် နှင့်<br>ဆရာလမ်းညွှန်၏<br>ထပ်လောင်းဖြည့်စွ<br>က်ရမည့် သင်ယူမှု<br>လုပ်ငန်းများကို<br>ပုံဖော်နိုင်ရန်။<br>အလယ်တန်းကျောင်း<br>များတွင်<br>မြန်မာစာသင်ကြားရန်<br>အတွက် မတူညီသော<br>ကျောင်းသားများ၏<br>စွမ်းရည်အဆင့်အလိုက်<br>ကူညီထောက်ပံ့ပေးနိုင်ရ<br>ရန် သင်ယူမှုလုပ်ငန်း<br>အမျိုးမျိုးပါဝင်သော |

| | | | | | |
|---|---|---|---|---|---|
| | | | ဘာသာစကားဆိုင်ရာ ဗဟုသုတ နယ်ပယ် သင်ကြားရာတွင် အတန်းအဆင့် အလိုက် သင်ကြားရေး နည်းလမ်းများကို မည်သို့ လိုက်လျောညီထွေအောင် လုပ်ဆောင်ရမည်ကို ဖော်ပြနိုင်ရန်။<br>အလယ်တန်း အဆင့်အတွက် မြန်မာစာ သင်ပြမှုပုံစံကို သင်ကြားနိုင်ရန်။<br>အလယ်တန်း အဆင့်အတွက် မြန်မာစာ သင်ပြမှုပုံစံကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရမည့် နည်းလမ်းများကို အဆိုပြုနိုင်ရန်။ | မတူညီသော အတန်းအဆင့်အလိုက် မြန်မာဘာသာစကား သင်ကြားခြင်း၏ ရည်ရွယ်ချက်များ ပြည့်မီစေရန် ဘာသာရပ် သင်ရိုးမာတိကာ နှင့်ကိုက်ညီသော သင့်လျော်သော သင်ကြားမှု နည်းလမ်းများ ရွေးချယ်နိုင်ရန်။ | သင်ပြမှုပုံစံကို ပုံဖော်ရေးဆွဲနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| မြန်မာ<br>စကား၊<br>မြန်မာစာ | မြန်မာ<br>ဘာသာစ<br>ကား<br>ဖြစ်ထွန်း<br>တိုးတက်<br>ပြောင်း<br>လဲလာပုံ | မြန်မာဘာသာစကား၏<br>သမိုင်းကို ရှင်းပြနိုင်ရန်။ | N/A | | |
| | မြန်မာ<br>ဘာသာ<br>စကား၏<br>သွင်ပြင်<br>လက္ခဏာ<br>များ | မြန်မာ<br>ဘာသာစကား၏<br>အသံစနစ်ကို<br>ရှင်းပြနိုင်ရန်။<br>မြန်မာဘာသာစကား၏<br>စကားလုံးဖွဲ့ပုံဆိုင်ရာ<br>အင်္ဂါရပ်များကို<br>ရှင်းပြနိုင်ရန်။<br>မြန်မာဘာသာစကား<br>၏ ဂါကျဖွဲ့ထုံးကို<br>ရှင်းပြနိုင်ရန်။<br>အသွင်ကွဲမြန်မာဘာသာ<br>စကားများအကြောင်းကို<br>ရှင်းပြနိုင်ရန်။ | N/A | ဗျည်း<br>၃၃ လုံး၊ ဗျည်းတွဲ နှင့်<br>သရ ကို မည်သို့<br>စနစ်တကျ မှန်မှန်ကန်ကန်<br>ပြောနိုင်၊<br>ဖတ်နိုင် ရေးနိုင်သည်ကို<br>ဖော်ထုတ်ပြသနိုင်ရန်။<br>သံတူကြောင်းကွဲ<br>စကားလုံးများကို<br>အသုံးပြုနိုင်ရန်။<br>အပြော နှင့် အရေး<br>ဘာသာစကား<br>ကွဲပြားခြားနားမှုကို<br>ခွဲခြမ်းစိတ်ဖြာနိုင်ရန်။<br>မြန်မာစာ သင်ယူရာတွင် | ဗျည်း<br>၃၃ လုံး၊ ဗျည်းတွဲ နှင့်<br>သရ ကို မည်သို့<br>စနစ်တကျ<br>မှန်မှန်ကန်ကန်<br>ပြောနိုင်၊ ဖတ်နိုင်<br>ရေးနိုင်အောင်<br>သင်ကြားရမည်ကို<br>အဆိုပြုနိုင်ရန်။<br>အပြော နှင့် အရေး<br>ဘာသာစကား<br>ကွဲပြားခြားနားမှုကို<br>အကဲဖြတ်နိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | မြန်မာဘာသာစကား၏ အနက်အဓိပ္ပာယ်နှင့် လက်တွေ့အသုံးဆိုင်ရာ အင်္ဂါရပ်များကို ရှင်းပြနိုင်ရန်။ | | ကျောင်းသားများ မိမိ၏ တွေးတောမှုကို အားပေးသည့် သင်ကြားသင်ယူမှု နည်းဗျူဟာများကို အသုံးပြုနိုင်ရန် နှင့် မြန်မာစာ ပေ၏ အမျိုးမျိုးသော အကြောင်းအရာများကို ဖတ်ရှုရာတွင် စိတ်အားထက်သန်ရန်။ | |
| | စကား အဆင်တ န်ဆာ | မြန်မာ ဘာသာစကားတွင် နေ့စဉ်သုံးစကားများ၌ တွေ့ရသည့် စကားအဆင်တန်ဆာများ ကို ဖော်ထုတ်နိုင်ရန်။ ကလေးများသင်ယူရသည့် မြန်မာစကား၏ အဆင်တန်ဆာများနှင့် ၎င်းတို့ကို သင်ယူရာတွင် ကလေးများအား ပံ့ပိုးနိုင်မည့် | | အရေးအသား စွမ်းရည်များကို ကျွမ်းကျင်စွာ သင်ယူနိုင်ရန် ကျောင်းသားများ၏ လက်ချောင်းများ လှုပ်ရှားမှုစွမ်းရည်များကို အကဲဖြတ်နိုင်ရန်။ | အတွေးအခေါ်များကို ဖော်ထုတ်ရန် ကူညီခြင်းအတွက် သတင်းအချက်အလက် များကို ရှာဖွေနိုင်ရန် ကျောင်းသားများအား ကူညီထောက်ပံ့ပေ းနိုင်သည့် သင် ကြားသင်ယူမှု နည်းဗျူဟာများကို အကြံပြုနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | နည်းလမ်းများကို ဖော်ထုတ်နိုင်ရန်။ | | | အရေးအသားစွမ်းရည်များ တိုးတက်မှုကို အကျိုးသက်ရောက်စေမည့် လက်ချောင်းများ လှုပ်ရှားမှုစွမ်းရည် အခက်အခဲရှိသော ကျောင်းသားများကို ကူညီထောက်ပံ့ပေးရမည့် လုပ်ငန်းများကို ပုံဖော်နိုင်ရန်။ |
| | မြန်မာစာ အရေး အသား စနစ် | မြန်မာအက္ခရာသမိုင်းကို ပြောပြနိုင်ရန်။ မြန်မာစာအရေးအသားစနစ်၏ ထူးခြားချက်များကို ဖော်ထုတ်နိုင်ရန်။ | | မြန်မာဘာသာစကား၏ သဒ္ဒါ ကို အဓိပ္ပါယ်ဖွင့်ဆိုရန် နှင့် ပါဝင်သည့် အစိတ်အပိုင်းကို စာရင်းပြုစုနိုင်ရန်။ မြန်မာဘာသာစကား၏မည်သည့် သဒ္ဒါအကြောင်းအရာများကို မူလတန်းကျောင်းသားများ သင်ယူသည်ကို သတ်မှတ်နိုင်ရန်။ | |

| | | | | | |
|---|---|---|---|---|---|
| | | | | မြန်မာ စကားလုံးများ မည်သို့ဖွဲ့စည်းထားသည် ကို ဖော်ပြနိုင်ရန် နှင့် အဓိပ္ပါယ်တူသော၊ အဓိပ္ပါယ်မတူသော နှင့် သံတူကြောင်းကွဲ ဆိုသည်မှာ အဘာယ်နည်းကို ရှင်း ပြနိုင်ရန်။ | |
| နှုတ် ပြောဘာ သာစကား ကျွမ်းကျင်မှု များ | နှုတ် ပြော ဘာသာ စကား ဖွံ့ဖြိုးမှု | နှုတ်ပြောဘာသာစ ကား၏ အရေးပါမှုကို ရှင်းပြနိုင်ရန်။ ကလေးများ၏ နှုတ်ပြောဘာသာ စကားစွမ်းရည်များ သင်ယူဖွံ့ဖြိုးလာအောင် မည်သို့ လုပ်ဆောင် နိုင်သည်ကို ရှင်းပြနိုင်ရန်။ | နားထောင်ခြင်း နှင့် ပြောဆိုခြင်း စွမ်းရည်များ အရေးပါမှုကို သိရှိရန် နှင့် ရှင်းပြနိုင်ရန်။ နားထောင်ခြင်း နှင့် ပြောဆိုခြင်း စွမ်းရည်များ အတွက် နည်းလမ်းများကို သိရှိရန် နှင့် အသုံးချနိုင်ရန်။ နားထောင်ခြင်း နှင့် ရွတ်ဖတ်ခြင်း၏ အရေးပါမှုကို ရှင်းပြနိုင်ရန်။ | မြန်မာဘာသာစကားမှ စကားလုံးများ နှင့် စကားလုံးဖန်တီးမှု များ၏ အသံထွက်များကို အသုံးချနိုင်ရန်။ မြန်မာဘာသာစကား၏ နားထောင်ခြင်း နှင့် အပြောအဆို စွမ်းရည်ကို မည်သို့ သင်ယူရမည်ကို သရုပ်ဖော် ပြသနိုင်ရန်။ စကားလုံးများ နှင့် စာကြောင်းများကို မည်သို့ | မြန်မာဘာသာစကားတွင် နားထောင်ခြင်း နှင့် ပြောဆိုခြင်း စွမ်းရည်များမည်သို့ သင်ယူရမည်ကို သင်ယူမှုလုပ်ငန်းများဖြင့် ပုံဖော်နိုင်ရန်။ မြန်မာဘာသာစကား၏ အသံထွက် နှင့် အသံအတက်အကျ ကို သင်ကြားရန် မြန်မာ ကဗျာ နှင့် စာပေကို အသုံးပြုပြီး |

| | | | | | |
|---|---|---|---|---|---|
| | | | စကားလုံးများ နှင့် စာကြောင်းများကို မည်သို့မှန်မှန်ကန်ကန် နှင့် သဒ္ဒါကျစွာ ဖတ်ရှုရမည်ကို သင်ကြားနိုင်ရန်။ နားထောင်ခြင်း နှင့် ဖတ်ရှုခြင်း အတွက် သင်ကြားနည်းများကို အသုံးချနိုင်ရန်။ | မှန်ကန်စွာ နှင့် သဒ္ဒါနည်းကျကျ ဖတ်ရှုရမည်ကို သင်ကြားနိုင်ရန်။ မူလတန်းအဆင့် မြန်မာ ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာကို အသုံးပြုပြီး နားထောင်ခြင်း နှင့် ပြောဆိုခြင်း အကြား ဆက်စပ်မှုကို သင်ကြားနိုင်ရန်။ အများရှေ့တွင် ပြော ဆိုရာတွင် ကြောက်ရွံ့မှု၏ အကြီးမားဆုံးသော ယုံမှတ်ခြင်း ၂ ချက်ကို ခွဲခြား သတ်မှတ်နိုင်ရန်။ မိန့်ခွန်းပြောခြင်း၏ ပုံစံ သုံးမျိုးကို ရှင်းပြနိုင်ရန်။ အောင်မြင်သော မိန့်ခွန်း၏ p's အချက် သုံးချက်ကို ရှင်းပြနိုင်ရန်။ | သင်ခန်းစာ ပြင်ဆင်နိုင်ရန်။ စကားလုံးများ နှင့် စာကြောင်းများကို မည်သို့ မှန်ကန်စွာ နှင့် သဒ္ဒါနည်းကျကျ ဖတ် ရှုရမည်ကို သင်ကြားနိုင်ရန်။ မိမိတို့ ပြင်ဆင်ထားသော သင်ပြမှု ပုံစံကို အသုံးပြုပြီး သင်ကြားနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | နှုတ်<br>ပြော<br>ဘာသာ<br>စကားစွမ်း<br>ရည်များကို<br>သင်ကြား၊<br>သင်ယူခြင်း | မူလတန်းအဆင့်<br>သင်ရိုးဝင် ဘာသာရပ်<br>အသီးသီးတွင် နှုတ်ပြော<br>ဘာသာစကားသင်ယူ<br>ခြင်းကို မြှင့်တင်နိုင်မည့်<br>နည်းလမ်းများ<br>ဖော်ထုတ်နိုင်ရန်။<br>နှုတ်ပြောဘာသာစ<br>ကား သင်ယူခြင်းကို<br>အထောက်အပံ့ပြုသည့်<br>ပတ်ဝန်းကျင်တစ်ခု<br>ဖန်တီးနိုင်မည့်<br>နည်းလမ်းများ<br>ဖော်ထုတ်တတ်ရန်။<br>နှုတ်ပြောဘာသာစကား<br>ဖွံ့ဖြိုးတိုးတက်မှုရန်<br>သင်ကြားခြင်းနှင့်<br>စောင့်ကြည့်လေ့လာ<br>ခြင်းဆိုင်ရာ<br>လုပ်ငန်းများကို ဖော်<br>ထုတ်တတ်ရန်။<br>အိမ်တွင် မြန်မာစကား<br>မပြောသော | အလယ်တန်းကျောင်းတွင်<br>လက်ခံသည့်<br>ကျွမ်းကျင်မှုများ<br>သင်ကြားခြင်း၏<br>ရည်ရွယ်ချက်များကို<br>ရှင်းပြနိုင်ရန်။<br>အတန်းအလိုက်<br>လက်ခံသည့်<br>ကျွမ်းကျင်မှုများ၏<br>ရည်ရွယ်ချက်များ<br>သင်ကြားရာတွင်<br>ကျောင်းသုံးသာအုပ် နှင့်<br>ဆရာလမ်းညွှန်တွင်<br>အကြံပြုထားသော<br>သင်ယူမှု ဖြစ်စဉ်များ၏<br>နမူနာများကို ပြော<br>ကြားနိုင်ရန်။<br>လက်ခံသည့်<br>ကျွမ်းကျင်မှုများ၏<br>သင်ကြားသင်ယူမှု<br>ဖြစ်စဉ်ကို ရှင်းပြနိုင်ရန်။<br>လက်ခံသည့်<br>စွမ်းရည်များကို | နားထောင်ခြင်း<br>နှင့် အပြောအဆို<br>နယ်ပယ် ကို<br>သင်ကြားရန်အတွက်<br>မူလတန်း ကျောင်<br>းသုံးစာအုပ် နှင့်<br>ဆရာလမ်းညွှန်၏<br>ရည်ရွယ်ချက်များ<br>နှင့် သင်ယူမှု လုပ်ငန်း<br>များကို အကဲဖြတ်နိုင်ရန်။<br>အစောပိုင်းအတန်းများတွ<br>င် မြန်မာစာအား<br>သင်ယူရာ၌ မတူညီသော<br>နောက်ခံရှိသော<br>ကျောင်းသားများ<br>ကြုံတွေ့နိုင်သော<br>အခက်အခဲများကို<br>ဥပမာများဖြင့်<br>ပြောကြားနိုင်ရန်<br>နှင့် မည်သို့ကူ<br>ညီထောက်ပံ့ပေးနိုင်<br>သည့် | နောက်ခံမတူညီသော<br>မူလတန်းကျောင်း<br>သားများကို<br>နားထောင်ခြင်း<br>နှင့် ပြောဆိုခြင်း နယ်ပယ်<br>အား သင်ကြားရာတွင်<br>မူလတန်းအဆင့် ကျေ<br>ာင်းသုံးစာအုပ် နှင့်<br>ဆရာလမ်းညွှန်၏<br>ထပ်လောင်းဖြည့်စွ<br>က်ရမည့် သင်ယူမှု<br>လုပ်ငန်းများကို<br>ပုံဖော်နိုင်ရန်။<br>မတူညီသောမူလတန်း<br>ကျောင်းသားများ၏<br>စွမ်းရည်<br>အဆင့်ပေါ် မူတည်ပြီး<br>ကူညီပေးနိုင်ရာတွင်<br>စာပိုင်းအတန်းများ အ<br>တွက် မြန်မာစာ<br>သင်ကြားခြင်း၏<br>သင်ပြမှုပုံစံများကို |

| | | | | | |
|---|---|---|---|---|---|
| | | ကလေးများ၏ နှုတ်ပြောဘာသာစကား သင်ယူခြင်းကို ပံ့ပိုးသည့် နည်းလမ်းများဖော်ထုတ်တတ်ရန်။<br>မူလတန်းကလေးများ၏ နှုတ်ပြောဘာသာစကား ဖွံ့ဖြိုးမှုကို ပံ့ပိုးကူညီသည့် သင်ခန်းစာ တစ်ခု ပြင်ဆင်နိုင်ရန်။<br>ပြင်ဆင်ထားသောသင်ခန်းစာကို လက်တွေ့သင်ပြတတ်ရန်။<br>သင်ခန်းစာကို ပိုမိုကောင်းမွန်စေမည့် နည်းလမ်းများ အကြံပြုတတ်ရန်။<br>အိမ်တွင်မြန်မာစကား မပြောသော မူလတန်းကလေးများ၏ နှုတ် ပြောဘာသာစကား ဖွံ့ဖြိုးမှုကို ပံ့ပိုး ကူညီမည့်သင်ခန်းစာ | သင်ကြားရာတွင် အတန်းအလိုက် သင်ကြားနည်းများကို မည်သို့ လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရမည်ကို ဖော်ပြနိုင်ရန်။<br>အလယ်တန်း အဆင့် မြန်မာစာ၏ သင်ပြမှုပုံစံကို သင်ကြားနိုင်ရန်။<br>အလယ်တန်း အဆင့် မြန်မာစာ၏ သင်ပြမှုပုံစံကို တိုးတက်စေမည့် နည်းလမ်းများအား အဆိုပြုနိုင်ရန်။ | နည်းဗျူဟာများကို အကြံပြုနိုင်ရန်။<br>လက်ခံသည့် စွမ်းရည်များကို သင်ကြားရာတွင် အလယ်တန်း ကျောင်းသုံးစာအုပ် နှင့် ဆရာလမ်းညွှန်၏ ရည်ရွယ်ချက်များ နှင့် သင်ယူမှုလုပ်ငန်းများကို အကဲဖြတ်နိုင်ရန်။<br>အလယ်တန်းကျောင်းများတွင်  မြန်မာစာအား သင်ယူရာ၌ မတူညီသော နောက်ခံရှိသော ကျောင်းသားများ ကြုံတွေ့နိုင်သော အခက်အခဲများကို ဥပမာများဖြင့် ပြောကြားနိုင်ရန် နှင့် မည်သို့ကူညီထောက်ပံ့ပေးနိုင်သည့် နည်းဗျူဟာများကို အကြံပြုနိုင်ရန်။ | သင်ယူမှုလုပ်ငန်းအမျိုးမျိုးဖြင့် ပုံဖော်နိုင်ရန်။<br>နောက်ခံမတူညီသော အလယ်တန်းကျောင်းသားများကို နားထောင်ခြင်း နှင့် ပြောဆိုခြင်း နယ်ပယ်အား သင်ကြားရာတွင် အလယ်တန်းအဆင့် ကျောင်းသုံးစာအုပ် နှင့် ဆရာလမ်းညွှန်၏ ထပ်လောင်းဖြည့်စွက်ရမည့် သင်ယူမှု လုပ်ငန်းများကို ပုံဖော်နိုင်ရန်။<br>အလယ်တန်း ကျောင်းများတွင် မတူညီသော ကျောင်းသားများ၏ စွမ်းရည်အဆင့်ပေါ် မူတည်ပြီး ကူညီပေးနိုင်ရာတွင် အစောပိုင်းအတန်းများ |

| | | | | | |
|---|---|---|---|---|---|
| | | တစ်ခု ပြင်ဆင်တတ်ရန်။ | | မတူညီသော အတန်းအဆင့်အလိုက် မြန်မာဘာသာစကား သင်ကြားခြင်း၏ ရည်ရွယ်ချက်များ ပြည့်မှီစေရန် ဘာသာရပ် သင်ရိုးမာတိကာ နှင့်ကိုက်ညီသော သင့်လျော်သော သင်ကြားမှု နည်းလမ်းများ ရွေးချယ်နိုင်ရန်။ အခြား အကြောင်းအရာများ (ကျောင်းသုံးစာအုပ် သင်ခန်းစာများ အပြင်) နှင့် ဆက်စပ်သော နားထောင်ခြင်း နှင့် ပြောဆိုခြင်း စွမ်းရည်များကို သင်ကြားနိုင်ရန်။ | အတွက် မြန်မာစာ သင်ကြားခြင်း၏ သင်ပြမှုပုံစံများကို သင်ယူမှုလုပ်ငန်း အမျိုးမျိုးဖြင့် ပုံဖော် နိုင်ရန်။ |
| အဖတ်နှင့် အရေး | အဖတ် စွမ်းရည် | စာတတ်မြောက်မှု ဖွံ့ဖြိုးမှု | စာဖတ်ခြင်း စွမ်းရည်များ၏ | မြန်မာဘာသာစကား၏ စာဖတ်ခြင်း စွမ်းရည်ကို | မြန်မာဘာသာစကား၏ စာဖတ်ခြင်း စွမ်းရည်ကို |

| | | | | | |
|---|---|---|---|---|---|
| | | အဆင့်များကို ရှင်းပြနိုင်ရန်။<br>အပေါ်မှ အောက်သို့ (top-down) နှင့် အောက်ခြေမှ အပေါ်သို့ (bottom-up) ချဉ်းကပ်နည်းများကို ခွဲခြားနိုင်ရန်။<br>စာဖတ်ခြင်း၏ မဏ္ဍိုင်ကြီး ၅ ရပ်ကို ရှင်းပြနိုင်ရန်။<br>၂၁ ရာစုတွင် မီဒီယာ စာတတ်မြောက်မှု၏ အရေးပါမှုကို ရှင်းပြနိုင်ရန်။ | အရေးပါမှုကို သိရှိရန် နှင့် ရှင်းပြနိုင်ရန်။<br>စာဖတ်ခြင်း စွမ်းရည်များ အတွက် နည်းလမ်းများကို သိရှိရန် နှင့် အသုံးချနိုင်ရန်။ | မည်သို့သင်ယူရမည်ကို သရုပ်ပြနိုင်ရန်။<br>မူလတန်းအဆင့် မြန်မာစာ ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာများကို အသုံးပြုပြီး စာဖတ်ခြင်း အကြား ဆက်စပ်မှုများကို သင်ကြားနိုင်ရန်။<br>အခြားအကြောင်းအရာများ (ကျောင်းသုံးစာအုပ် သင်ခန်းစာများ အပြင်) ကို ချိတ်ဆက်ပြီး စာဖတ်ခြင်း စွမ်းရည်များကို သင်ကြားနိုင်ရန် နှင့် လေ့ကျင့်ပေးရန်။<br>မိမိကိုယ်တိုင် ရှာဖွေခြင်း၊ ရေးဆွဲခြင်း၊ ဖန်တီးခြင်းဖြင့် သင်ကြားမှု အထောက်အကူပြု ပစ္စည်းများကို အသုံးပြုနိုင်ရန်။ | မည်သို့သင်ယူရမည် အတွက် သင်ယူမှု လုပ်ငန်းများကို ပုံဖော်နိုင်ရန်။<br>မူလတန်းအဆင့် မြန်မာစာ ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာများကို အသုံးပြုပြီး စာဖတ်ခြင်း နှင့် ရေးသာခြင်း အကြား ဆက်စပ်မှုများကို သင်ကြားနိုင်ရန်။<br>သင်ပြမှုပုံစံကို အသုံးပြုပြီး သင်ကြားနိုင်ရန်။<br>မိမိကိုယ်တိုင် တီထွင်ဖန်တီးခြင်းဖြင့် အဆိုပြုထားသော အကြောင်းအရာများကို ရေးသားနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | | | | |
| | အဖတ်စွမ်း<br>ရည်ကို<br>သင်ကြား<br>သင်ယူခြင်း | မူလတန်းအဆင့်တွင်<br>ကလေးများ၏<br>စကားသံလေ့လာမှုဆိုင်ရာ<br>သိမှုကို မြှင့်တင်ပေးရန်<br>သင်ယူမှုလုပ်ငန်းများ၏<br>သင့်တော်သော<br>နမူနာများ ပေးနိုင်ရန်။<br>မူလတန်းအဆင့်တွင်<br>ကလေးများ၏<br>ခက်ဆစ်ဆိုင်ရာ<br>ကျွမ်းကျင်မှုများကို<br>ကူညီထောက်ပံ့ပေးနိုင်ရန်<br>သင်ယူမှုလုပ်ငန်းများ၏<br>သင့်တော်သော<br>နမူနာများ ပေးနိုင်ရန်။<br>ကလေးများ၏ စာဖတ်ခြင်း<br>ကျွမ်းကျင်မှု<br>ကို မြှင့်တင်ပေးရန်<br>သင်ယူမှုလုပ်ငန်းများ၏<br>သင့်တော်သော<br>နမူနာများ ပေးနိုင်ရန်။ | အလယ်တန်း ကျောင်း<br>များ၏ စာဖတ်ခြင်း<br>စွမ်းရည်များ<br>သင်ကြားခြင်း၏<br>ရည်ရွယ်ချက်များကို<br>ရှင်းပြနိုင်ရန်။<br>စာဖတ်ခြင်း<br>ရည်ရွယ်ချက်များကို<br>သင်ကြားရန်အတွက်<br>မူလတန်းကျောင်း<br>သုံးစာအုပ် နှင့်<br>ဆရာလမ်းညွှန်တွင်<br>အကြံပြုထားသော<br>သင်ယူမှု လုပ်ငန်းများ၏<br>နမူနာများကို ပေးနိုင်ရန်။<br>စာဖတ်ခြင်း<br>စွမ်းရည်များကို<br>သင်ကြားခြင်း၏<br>သင်ကြားသင်ယူမှု<br>ဖြစ်စဉ်ကို ရှင်းပြနိုင်ရန်။ | စာဖတ်ခြင်း နယ်ပယ်ကို<br>သင်ကြားရန်အတွက်<br>မူလတန်း ကျောင်း<br>သုံးစာအုပ်<br>နှင့်<br>ဆရာလမ်းညွှန်၏<br>ရည်ရွယ်ချက်များ<br>နှင့် သင်ယူမှုလုပ်ငန်း<br>များကို အကဲဖြတ်နိုင်ရန်။<br>အစောပိုင်းအတန်းတွင်<br>မတူညီသော<br>နောက်ခံရှိသော<br>ကျောင်းသားများ<br>ကြုံတွေ့နိုင်သော<br>အခက်အခဲများကို<br>ဥပမာများဖြင့်<br>ပြောကြားနိုင်ရန်<br>နှင့် မည်သို့ကူညီ<br>ထောက်ပံ့ပေးနိုင်သည့်<br>နည်းဗျူဟာများကို<br>အကြံပြုနိုင်ရန်။ | နောက်ခံမတူညီသော<br>မူလတန်းကျောင်း<br>သားများကို စာဖတ်ခြင်း<br>နယ်ပယ် အား<br>သင်ကြားရာတွင်<br>မူလတန်းအဆင့်<br>ကျောင်းသုံးစာအုပ် နှင့်<br>ဆရာလမ်းညွှန်၏<br>ထပ်လောင်းဖြည့်စွ<br>က်ရမည့် သင်ယူမှု<br>လုပ်ငန်းများကို<br>ပုံဖော်နိုင်ရန်။<br>မတူညီသော<br>ကျောင်းသားများ၏<br>စွမ်းရည်<br>အဆင့်ပေါ် မူတည်ပြီး<br>ကူညီပေးနိုင်ရာတွင်<br>အစောပိုင်းအတန်းများ<br>အတွက် မြန်မာစာ<br>သင်ကြားခြင်း<br>၏  သင်ပြမှုပုံစံများကို |

| | | | | | |
|---|---|---|---|---|---|
| | | စာဖတ်ခြင်း ကျွမ်းကျင်မှု စွမ်းရည်များကို မြှင့်တင်ပေးရန် သင်ယူမှုလုပ်ငန်းများ၏ သင့်တော်သော နမူနာများ ပေးနိုင်ရန်။<br>စကားလုံးများ ဖတ်ရှုခြင်း ကို တိုးတက်စေရန် သင်ယူမှုလုပ်ငန်းများ၏ သင့်တော်သော နမူနာများ ပေးနိုင်ရန်။<br>မူလတန်း ကျောင်း သုံးစာအုပ်၏ သင်ခန်းစာများနှင့် ချိတ်ဆက်ပြီး မူလတန်းကျောင်း သားများအတွက် စာဖတ်ခြင်း သင်ပြမှုပုံစံကို ပြင်ဆင်နိုင်ရန်။<br>မူလတန်းအဆင့် မြန်မာဘာသာစကား၏ စာဖတ်ခြင်း | စာဖတ်ခြင်း စွမ်းရည်များကို သင်ကြားရာတွင် အတန်းအလိုက် သင်ကြားနည်းလမ်းများကို မည်သို့ လိုက်လျောညီထွေ ဖြစ်အောင် လုပ်ဆောင်ရမည်ကို ဖော်ပြနိုင်ရန်။<br>အလယ်တန်းအဆင့် မြန်မာစာ သင်ပြမှုပုံစံများကို သင်ကြားနိုင်ရန်။<br>အလယ်တန်းအဆင့် မြန်မာစာ သင်ပြမှုပုံစံများအတွက် ပိုမိုကောင်းမွန်မည့် နည်းလမ်းများကို အဆိုပြု နိုင်ရန်။ | စာဖတ်စွမ်းရည် တိုးတက်စေရန် မြန်မာ ကဗျာနှင့် စာပေ ကို အသုံးပြုနိုင်ရန်။ | သင်ယူမှုလုပ်ငန်း အမျိုးမျိုးဖြင့် ပုံဖော် နိုင်ရန်။<br>စာဖတ်စွမ်းရည်များ တိုးတက်ရန် မြန်မာ ကဗျာ နှင့် စာပေများကို အသုံးပြုပြီး သင်ယူမှုလုပ်ငန်းများကို ပုံဖော်နိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | သင်ခန်းစာများကို သင်ကြားနိုင်ရန်။ | | | |
| | အရေး စွမ်းရည် | အရေးစွမ်းရည်၏ အရေးပါမှုကို ဖော်ပြနိုင်ရန်။ မူလတန်းကျောင်းသားများ အကြား စာရေးခြင်း၏ ပျော်ရွှင်မှု ကို မြှင့်တင်ပေးမည့် နည်းလမ်းများကို သတ်မှတ်နိုင်ရန်။ မူလတန်း ကျောင်းသားများ အတွက် အရေးစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု ၏ မတူညီသော အဆင့်များကို ရှင်း ပြနိုင်ရန်။ | အရေးစွမ်းရည် ၏ အရေးပါမှုများကို သိရှိရန် နှင့် ရှင်းပြနိုင်ရန်။ စာပိုဒ်၏ အဓိကအချက်များကို အနှစ်ချုပ်နိုင်ရန်။ ရိုးရှင်းသော စာကြောင်းများကို အ သုံးပြုပြီး စာစီစာကုံးကို ဖွဲ့စည်းထားနိုင်ရန်။ သင်ကြားမှု အထောက်အကူ ပစ္စည်း၏ အရေးပါမှုကို သိရှိရန် နှင့် ရှင်းပြနိုင်ရန်။ အရေးစွမ်းရည်များ အတွက် နည်းလမ်းများကို သိရှိရန် နှင့် အသုံးချနိုင်ရန်။ ရှုပ်ထွေးသော စာကြောင်းများကို ဖွဲ့စည်းနိုင်ရန်။ | မြန်မာ ဘာသာစကား၏ အရေးစွမ်းရည်ကို မည်သို့သင်ယူရမည်ကို ဖော်ထုတ်ပြသနိုင်ရန်။ မူလတန်းအဆင့် မြန်မာ စာ ကျောင်းသုံးစာအုပ်၏ သင်ခန်းစာများကို အသုံးပြုပြီး အရေးနှင့် အဖတ် အကြား ဆက်စပ်မှုများကို သင်ကြားနိုင်ရန်။ အခြားအကြောင်းအရာ များ (ကျောင်းသုံးစာအုပ် သင်ခန်းစာများ အပြင်) ကို ချိတ်ဆက်ပြီး အရေး နှင့် အပြော စွမ်းရည်များကို သင်ကြားနိုင်ရန် နှင့် လေ့ကျင့်ပေးရန်။ မိမိ၏ အတွေးအမြင်များကို | မြန်မာဘာသာစကား ၏ အရေးစွမ်းရည်ကို မည်သို့သင်ယူရမည် အတွက် သင်ယူမှု လုပ်ငန်းများကို ပုံဖော်နိုင်ရန်။ မူလတန်းအဆင့် မြန်မာစာ ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာများကို အသုံးပြုပြီး ပြောဆိုခြင်း နှင့် ရေးသာခြင်း အကြား ဆက်စပ်မှုများကို သင်ကြားနိုင်ရန်။ သင်ပြမှုပုံစံကို အသုံးပြုပြီး သင်ကြားနိုင်ရန်။ မိမိကိုယ်တိုင် တီထွင်ဖန်တီးခြင်းဖြင့် အဆိုပြုထားသော |

| | | | | | |
|---|---|---|---|---|---|
| | | | သင်ထောက်ကူ ပစ္စည်းများကို အသုံးပြုနိုင်ရန်။ | ပေါင်းစပ်ပြီး စာပိုဒ်၏ အဓိက အချက်များကို ရေးသားရန်။ မိမိ၏ စိတ်ကူးစိတ်သန်းဖြင့် စာပိုဒ်များကို ရေးသားရန်။ မိမိကိုယ်တိုင် ရှာဖွေခြင်း၊ ရေးဆွဲ ခြင်း နှင့် ဖန်တီး ခြင်းဖြင့် သင်ထောက်ကူ ပစ္စည်းများကို အသုံးပြုနိုင်ရန်။ | အကြောင်းအရာများကို ရေးသားနိုင်ရန်။ |
| | အရေး စွမ်းရည်ကို သင်ကြား သင်ယူ ခြင်း | လက်ရေးလက်သား စွမ်းရည် တိုးတက်ရန် အတွက် ပျော်ရွှင်သော သင်ယူမှု အတွေ့အကြုံများကို ဖန်တီးနိုင်မည့် နည်းလမ်းများကို သတ်မှတ်နိုင်ရန်။ စာလုံးပေါင်း စွမ်းရည် တိုးတက်ရန် အတွက် ပျော်ရွှင်သော | အလယ်တန်းကျောင်းတွင် အရေးစွမ်းရည် အား သင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြနိုင်ရန်။ အရေးစွမ်းရည် ရည်ရွယ်ချက်များကို သင်ကြားရန်အတွက် မူလတန်းကျောင်း သုံးစာအုပ် နှင့် ဆရာလမ်းညွှန်တွင် | အရေး နယ်ပယ်ကို သင်ကြားရန်အတွက် မူလတန်း ကျောင်း သုံးစာအုပ် နှင့် ဆရာလမ်းညွှန်၏ ရည်ရွယ်ချက်များ နှင့် သင်ယူမှုလုပ်ငန်း များကို အကဲဖြတ်နိုင်ရန်။ အစောပိုင်းအတန်းများ | နောက်ခံမတူညီသော မူလတန်းကျောင်း သားများကို အရေး နယ်ပယ် အား သင်ကြားရာတွင် မူလတန်းအဆင့် ကျောင်းသုံးစာအုပ် နှင့် ဆရာလမ်းညွှန်၏ ထပ်လောင်းဖြည့်စွ က်ရမည့် သင်ယူမှု |

| | | | | | |
|---|---|---|---|---|---|
| | | သင်ယူမှု<br>အတွေ့အကြုံများကို<br>ဖန်တီးနိုင်မည့်<br>နည်းလမ်းများကို<br>သတ်မှတ်နိုင်ရန်။<br>မူလတန်း<br>ကျောင်းသားများ အကြား<br>တီထွင်ဖန်တီးသည့်<br>အရေးအသားကို<br>မြှင့်တင်ပေးနိုင်ရ<br>န်အတွက် သင်ယူမှု<br>လုပ်ငန်းများ၏<br>နမူနာများကို<br>ပြောကြားနိုင်ရန်။<br>မူလတန်း ကျောင်း<br>သုံးစာအုပ် မှ သီးခြား<br>သင်ခန်းစာ နှင့်<br>ဆက်စပ်ပြီး<br>မူလတန်းကျောင်း<br>သားများ၏<br>အရေးစွမ်းရည်ကို<br>ကူညီထောက်ပံ့ပေးနိုင်ရန်<br>အတွက် | အကြံပြုထားသော<br>သင်ယူမှု လုပ်ငန်းများ၏<br>နမူနာများကို ပေးနိုင်ရန်။<br>အရေး စွမ်းရည်များကို<br>သင်ကြားခြင်း၏<br>သင်ကြားသင်ယူမှု<br>ဖြစ်စဉ်ကို ရှင်းပြနိုင်ရန်။<br>အရေး စွမ်းရည်များကို<br>သင်ကြားရာတွင်<br>အတန်းအလိုက်<br>သင်ကြားနည်းလမ်းများကို<br>မည်သို့ လိုက်လျောညီ<br>ထွေဖြစ်အောင်<br>လုပ်ဆောင်ရမည်ကို<br>ဖော်ပြနိုင်ရန်။<br>အလယ်တန်းအဆင့်<br>မြန်မာစာ<br>သင်ပြမှုပုံစံများကို<br>သင်ကြားနိုင်ရန်။<br>အလယ်တန်းအဆင့်<br>မြန်မာစာ<br>သင်ပြမှုပုံစံများအတွက် | တွင် မြန်မာစာအား<br>သင်ယူရာ၌ မတူညီသော<br>နောက်ခံရှိသော<br>ကျောင်းသားများ<br>ကြုံတွေ့နိုင်သော<br>အခက်အခဲများကို<br>ဥပမာများဖြင့်<br>ပြောကြားနိုင်ရန်<br>နှင့် မည်သို့ကူ<br>ညီထောက်ပံ့ပေးနိုင်<br>သည့်<br>နည်းဗျူဟာများကို<br>အကြံပြုနိုင်ရန်။<br>အရေး စွမ်းရည်များကို<br>သင်ကြားရာတွင်<br>အလယ်တန်း<br>ကျောင်းသုံးစာအုပ်<br>နှင့်<br>ဆရာလမ်းညွှန်၏<br>ရည်ရွယ်ချက်များ<br>နှင့် သင်ယူမှုလုပ်ငန်း<br>များကို အကဲဖြတ်နိုင်ရန်။<br>အလယ်တန်း | လုပ်ငန်းများကို<br>ပုံဖော်နိုင်ရန်။<br>မတူညီသော<br>ကျောင်းသားများ၏<br>စွမ်းရည်<br>အဆင့်ပေါ်မူတည်ပြီး<br>ကူညီပေးနိုင်ရာတွင်<br>စာပိုင်းအတန်းများ<br>အတွက် မြန်မာစာ<br>သင်ကြားခြင်း<br>၏ သင်ပြမှုပုံစံများကို<br>သင်ယူမှုလုပ်ငန်းအမျိုး<br>မျိုးဖြင့် ပုံဖော်နိုင်ရန်။<br>နောက်ခံမတူညီသော<br>အလယ်တန်း<br>ကျောင်းသားများကို<br>ထုတ်လုပ်သည့်<br>စွမ်းရည်များ<br>သင်ကြားရာတွင်<br>အလယ်တန်းအဆင့်<br>ကျောင်းသုံးစာအုပ်<br>နှင့် ဆရာလမ်းညွှန်၏<br>ထပ်လောင်း |

| | | | | | |
|---|---|---|---|---|---|
| | | သင်ပြမှုပုံစံများကို ပြင်ဆင်နိုင်ရန်။ မူလတန်းအဆင့် မြန်မာဘာသာ စကား၏ အရေးသင်ခန်းစာများ ကို သင်ကြားနိုင်ရန်။ | ပိုမိုကောင်းမွန်မည့် နည်းလမ်းများကို အဆိုပြု နိုင်ရန်။ | ကျောင်းများတွင် မြန်မာစာအား သင်ယူရာ၌ မတူညီသော နောက်ခံရှိသော ကျောင်းသားများ ကြုံတွေ့နိုင်သော အခက်အခဲများကို ဥပမာများဖြင့် ပြောကြားနိုင်ရန် နှင့် မည်သို့ကူ ညီထောက်ပံ့ပေးနိုင် သည့် နည်းဗျူဟာများကို အကြံပြုနိုင်ရန်။ မတူညီသော အတန်းအဆင့်အလိုက် မြန်မာဘာသာစကား သင်ကြားခြင်း၏ ရည်ရွယ်ချက်များ ပြည့်မီစေရန် ဘာသာရပ် သင်ရိုးမာတိကာ နှင့်ကိုက်ညီသော | ဖြည့်စွက်ရမည့် သင်ယူမှု လုပ်ငန်းများကို ပုံဖော်နိုင်ရန်။ အလယ်တန်း ကျောင်းများတွင် မတူ ညီသော ကျောင်း သားများ၏ စွမ်းရည် အဆင့်ပေါ်မူတည်ပြီး ကူညီပေးနိုင်ရန်အ တွက် မြန်မာစာ သင်ကြားခြင်း၏ သင်ပြမှုပုံစံများကို သင်ယူမှုလုပ်ငန်း အမျိုးမျိုးဖြင့် ပုံဖော် နိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | | | သင့်လျော်သော သင်ကြားမှု နည်းလမ်းများ ရွေးချယ်နိုင်ရန်။ | |
| စာပေ | မြန်မာ စာပေ | ဘာသာစကား နှင့် စာပေ အကြား ဆက်စပ်မှုကို ရှင်းပြနိုင်ရန်။<br>မြန်မာ့ ရိုးရာ စာပေ အကြောင်းကို ခြုံငုံပြီး ဖော်ပြနိုင်ရန်။<br>ခေတ်သစ် မြန်မာစာပေ ကို ခြုံငုံပြီး ဖော်ပြနိုင်ရန်။<br>မြန်မာ ကဗျာ၏ သဘောသဘာဝ နှင့် အမျိုးအစားများကို ဖော်ပြနိုင်ရန်။<br>မြန်မာ စကားပြေ၏ သဘောသဘာဝ နှင့် အမျိုးအစားများကို ဖော်ပြနိုင်ရန်။ | ဗဟုသုတ ၏ အနှစ်သာရ နှင့် စာပေ၏ အနုပညာကို ရှင်းပြနိုင်ရန်။<br>မြန်မာ ကဗျာများ၏ အမျိုးအစားများကို ရှင်းပြနိုင်ရန်။ | မတူညီသော အသက်၊ခေတ် အလိုက် စာပေ၏ အဆင့်များကို ကြည့်ရှုလေ့လာနိုင်ရန်။<br>ကဗျာများ၏ မတူညီသော ဖွဲ့စည်းပုံကို ကြည့်ရှုလေ့လာနိုင်ရန်။ | မတူညီသော အသက်၊ခေတ် အလိုက် စာပေ၏ အဆင့်များကို သင်ကြားနိုင်ရန်။<br>ကဗျာများ၏ မတူညီသော ဖွဲ့စည်းပုံ ကို ပေဖန်ပိုင်းခြား ခြင်းဖြင့် သင်ကြားနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | မြန်မာဘာသာစကား တတ်မြောက်မှုတွင် ကလေးစာပေ၏ အရေးပါမှုကို ရှင်းပြနိုင်ရန်။ မူလတန်း စာသင်ခန်းတွင် မြန်မာစာပေ အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းပြနိုင်ရန်။ | | | |
| | မြန်မာ စာပေ ကို သင်ကြား သင်ယူခြင်း | ကဗျာသင်ကြားခြင်း၏ အဆင့်များကို ဖော်ပြနိုင်ရန်။ စကားပြေ၏ မတူညီသော အမျိုးအစားများကို သင်ကြားနိုင်ရန် သင်ယူမှုလုပ်ငန်းများ၏ နမူနာများကို ပြောကြားနိုင်ရန်။ မူလတန်း ကျောင်းသားများကို ကဗျာ နှင့် စကားပြေ သင်ကြားရန်အတွက် | မြန်မာ စာပေ သင်ကြားခြင်း၏ ရည်ရွယ်ချက်များကို သရုပ်ပြ သင်ကြားနိုင်ရန်။ မြန်မာ စာပေကို သင်ကြားရာတွင် အတန်းအဆင့် အလိုက် သင်ကြားနည်းလမ်းများကို မည်သို့ လိုက်လျောညီထွေအောင် လုပ်ဆောင်ရမည်ကို ဖော်ပြနိုင်ရန်။ | မြန်မာစာပေကို သင်ကြားရန်အတွက် မူလတန်း ကျောင်းသုံးစာအုပ် နှင့် ဆရာလမ်းညွှန်၏ ရည်ရွယ်ချက်များ နှင့် သင်ယူမှုလုပ်ငန်း များကို အကဲဖြတ်နိုင်ရန်။ သင်ခန်းစာပြင်ဆင်ရာတွင် ကျောင်းသုံးစာအုပ်အပြင် စာပေနှင့်ပုံပြင်များအပေါ် ပုံဆွဲခြင်းဖြင့် အရ | နောက်ခံမတူညီသော အလယ်တန်း ကျောင်းသားများကို စာပေ နယ်ပယ် အား သင်ကြားရာတွင် အလယ်တန်းအဆင့် ကျောင်းသုံးစာအုပ် နှင့် ဆရာလမ်းညွှန်၊ ပုံပြင် နှင့် စာပေများ အသုံးပြုပြီး ထပ်လောင်းဖြည့်စွက်ရမည့် သင်ယူမှု လုပ်ငန်းများကို ပုံဖော်နိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | သင်ပြမှုပုံစံများကို<br>ပြင်ဆင်နိုင်ရန်။<br>မူလတန်း ကျောင်းသား<br>များကို ကဗျာနှင့်<br>စကားပြေသင်ကြားရန်<br>အတွက် သင်ခန်းစာ ကို<br>ဖြန့်ဝေနိုင်ရန်။ | အလယ်တန်း အဆင့်<br>မြန်မာစာ၏ သင်ပြမှုပုံစံကို<br>သင်ကြားနိုင်ရန်။<br>အလယ်တန်းအဆင့်<br>မြန်မာစာ၏<br>သင်ပြမှုပုံစံများ<br>တိုးတက်အောင်<br>လုပ်ဆောင်ရမည့်<br>နည်းလမ်းများကို<br>အဆိုပြုနိုင်ရန်။ | င်းအမြစ်များကို<br>သတ်မှတ်နိုင်ရန်။<br>အလယ်တန်းကျောင်း<br>များတွင် မြန်မာစာအား<br>သင်ယူရာ၌ မတူညီသော<br>နောက်ခံရှိသော<br>ကျောင်းသားများ<br>ကြုံတွေ့နိုင်သော<br>အခက်အခဲများကို<br>ဥပမာများဖြင့်<br>ပြောကြားနိုင်ရန်<br>နှင့် မည်သို့ကူ<br>ညီထောက်ပံ့ပေးနိုင်<br>သည့်<br>နည်းဗျူဟာများကို<br>အကြံပြုနိုင်ရန်။<br>မတူညီသော<br>အတန်းအဆင့်အလိုက်<br>မြန်မာဘာသာစကား<br>သင်ကြားခြင်း၏<br>ရည်ရွယ်ချက်များ<br>ပြည့်မီစေရန် ဘာသာရပ်<br>သင်ရိုးမာတိကာ | အလယ်တန်းကျောင်း<br>များတွင် မတူညီသော<br>ကျောင်းသားများ၏<br>စွမ်းရည်<br>အဆင့်ပေါ် မူတည်ပြီး<br>ကူညီပေးနိုင်ရန်အ<br>တွက် မြန်မာစာ<br>သင်ကြားခြင်း၏<br>သင်ပြမှုပုံစံများကို<br>သင်ယူမှုလုပ်ငန်း<br>အမျိုးမျိုးဖြင့် ပုံဖော်<br>နိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | | | နှင့်ကိုက်ညီသော သင့်လျော်သော သင်ကြားမှု နည်းလမ်းများ ရွေးချယ်နိုင်ရန်။ | |
| စစ်ဆေး အကဲဖြတ် ခြင်း | မြန်မာ ဘာသာ စကားတွင် မူလတန်း ကျောင်း သားများ၏ သင်ယူမှုကို အကဲဖြတ် ခြင်း | မူလတန်း ကျောင်းသားများ၏ မြန်မာဘာသာစကား သင်ယူမှု ဖြစ်စဉ်တွင် အသုံးပြုထားသော စစ်ဆေးအကဲဖြတ်မှု ချဉ်းကပ်နည်း အမျိုးမျိုးကို ရှင်းပြနိုင်ရန်။<br>အပြောဆိုင်ရာ ဘာသာစကား စွမ်းရည် ဖွံ့ဖြိုးတိုးတက်ခြင်းကို အကဲဖြတ်နိုင်မည့် ချဉ်းကပ်နည်းများကို ခွဲခြားသတ်မှတ်နိုင်ရန်။<br>စာဖတ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု ကို အကဲဖြတ်နိုင်မည့် ချဉ်းကပ်နည်းများကို သတ်မှတ်နိုင်ရန်။ | မြန်မာစာတွင် အလယ်တန်းကျောင်း သားများ အတွက် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများ၏ အကျိုးသက်ရောက်မှုကို ပြန်လည်သုံးသပ်ရန်။<br>အလယ်တန်း ကျောင်း အဆင့် မြန်မာစာတွင် အသုံးပြုမည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ဆွေးနွေးနိုင်ရန်။ | မြန်မာဘာသာတွင် ကျောင်းသားများ ၏ သင်ယူမှုကို သင်ယူစဉ် စစ်ဆေးအကဲဖြတ်ရန် အတွက် စစ်ဆေးအကဲဖြတ်သည့် ပုံစံများကို ခွဲခြမ်းစိတ်ဖြာ နိုင်ရန် နှင့် နှိုင်းယှဉ်နိုင်ရန်။<br>မြန်မာဘာသာတွင် ကျောင်းသားများ၏ သင်ယူမှုကို သင်ယူစဉ် စစ်ဆေးအကဲဖြတ်ရန် အတွက် စစ်ဆေးအကဲဖြတ်သည့် ပုံစံများကို ဆွေးနွေးနိုင်ရန်။ | မြန်မာဘာသာတွင် ကျောင်းသားများ၏ သင်ယူမှုကို သင်ယူပြီး စစ်ဆေးအကဲဖြတ်ရန် အတွက် စစ်ဆေးအကဲဖြတ် သည့် ပုံစံများကို ပုံဖော်နိုင်ရန်။<br>မြန်မာဘာသာတွင် ကျောင်းသားများ၏ သင်ယူမှုကို သင်ယူပြီး စစ်ဆေးအကဲဖြတ်ရန် အတွက် စစ်ဆေးအကဲဖြတ် သည့် ပုံစံများကို အကဲဖြတ်နိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | အရေး စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု ကို အကဲဖြတ်နိုင်မည့် ချဉ်းကပ်နည်းများကို သတ်မှတ်နိုင်ရန်။ | | | |

## ၆။ စစ်ဆေးအကဲဖြတ်ခြင်း (သို့မဟုတ်) အကဲဖြတ်ခြင်း စနစ်

ဤဘာသာရပ်ကို အောင်မြင်ပြီးမြောက်နိုင်ရန် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းများကို ရောစပ်ပြီး အသုံးပြုမည် ဖြစ်သည်။ ဆိုလိုသည်မှာ သင်ကြားသင်ယူမှု ဖြစ်စဉ်များကို တိုးတက်ကောင်းမွန်စေရန် နှင့် ကူညီထောက်ပံ့ပေးရန် စာသင်နှစ်တစ်လျှောက်လုံး၏ လုပ်ဆောင်ချက်များအပေါ်တွင်မူတည်ပြီး ပုံမှန် အကြံပေးတုံ့ပြန်မှုများပေးခြင်းဖြင့် ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာ တိုးတက်မှုကို စစ်ဆေးအကဲဖြတ်ရမည် ဖြစ်သည်။ အစိတ်အပိုင်း တစ်ခုစီအတွက် အသေးစိတ် အမှတ်ပေးစံဇယားများကို သီးခြားလက်စွဲတစ်ခုဖြင့် နောက်ပိုင်းတွင် မျှဝေသွားမည်။

**ပထမနှစ်**

| | |
|---|---|
| အတန်းတွင်း ပါဝင်ဆောင်ရွက်မှု | ၅ % |
| တာဝန်ပေးထားသော ဖတ်စရာများ၊ ရေးသားဖော်ပြရသည့် တုံ့ပြန်မှုများ (အိမ်စာ၊ ပြန်လည်သုံးသပ်ရေးသောစာတမ်း စသည်တို့) နှင့် နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း | ၂၅ % |
| နောက်ဆုံး စာမေးပွဲ (ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတ ကို စစ်ဆေးသည့် ရေးဖြေ စာမေးပွဲ နှင့် သက်ဆိုင်ရာ သင်ကြားနည်းများအတွက် ပြန်လည်သုံးသပ်ချက်များ) | ၇၀ % |

**ဒုတိယနှစ်**

| | |
|---|---|
| အတန်းတွင်း ပါဝင်ဆောင်ရွက်မှု | ၅ % |
| တာဝန်ပေးထားသော ဖတ်စရာများ၊ ရေးသားဖော်ပြရသည့် တုံ့ပြန်မှုများ (အိမ်စာ၊ ပြန်လည်သုံးသပ်ရေးသောစာတမ်း စသည်တို့) နှင့် နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း | ၂၅ % |
| နောက်ဆုံး စာမေးပွဲ (ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတ ကို စစ်ဆေးသည့် ရေးဖြေ စာမေးပွဲ နှင့် သက်ဆိုင်ရာ သင်ကြားနည်းများအတွက် ပြန်လည်သုံးသပ်ချက်များ) | ၇၀ % |

**တတိယနှစ်**

| | |
|---|---|
| အတန်းတွင်း ပါဝင်ဆောင်ရွက်မှု | ၅ % |
| တာဝန်ပေးထားသော ဖတ်စရာများ၊ ရေးသားဖော်ပြရသည့် တုံ့ပြန်မှုများ (အိမ်စာ၊ ပြန်လည်သုံးသပ်ရေးသောစာတမ်း စသည်တို့) နှင့် နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း | ၁၅ % |
| စီမံကိန်း တစ်ခု | ၁၀ % |
| နောက်ဆုံး စာမေးပွဲ (ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတ ကို စစ်ဆေးသည့် ရေးဖြေ စာမေးပွဲ နှင့် သက်ဆိုင်ရာ သင်ကြားနည်းများအတွက် ပြန်လည်သုံးသပ်ချက်များ) | ၇၀ % |

**စတုတ္ထနှစ်**

| | |
|---|---|
| အတန်းတွင်း ပါဝင်ဆောင်ရွက်မှု | ၅ % |
| တာဝန်ပေးထားသော ဖတ်စရာများ၊ ရေးသားဖော်ပြရသည့် တုံ့ပြန်မှုများ (အိမ်စာ၊ ပြန်လည်သုံးသပ်ရေးသောစာတမ်း စသည်တို့) နှင့် နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း | ၁၅ % |
| စီမံကိန်း တစ်ခု | ၁၀ % |
| နောက်ဆုံး စာမေးပွဲ (ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတ ကို စစ်ဆေးသည့် ရေးဖြေ စာမေးပွဲ နှင့် သက်ဆိုင်ရာ သင်ကြားနည်းများအတွက် ပြန်လည်သုံးသပ်ချက်များ) | ၇၀ % |

**အတန်းတွင်း ပါဝင်ဆောင်ရွက်မှု**

ကျောင်းသားတစ်ဦးစီသည် အတန်းတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရန် မျှော်မှန်းပါသည်။ ဖြစ်နိုင်မည်ဆိုပါက ကျောင်းသားများသည် online တွင် ဆွေးနွေးမှုများပြုလုပ်နိုင်ရန် အစီအစဉ်များပြုလုပ်နိုင်ပြီး ကျောင်းသားများကို စာသင်ချိန်ပြင်ပတွင် ထိုဆွေးနွေးမှုများကို ပါဝင်ဆောင်ရွက်ရန် အားပေးသင့်သည် (သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာ (ICT) ဖြင့် ပေါင်းစပ်သင်ယူခြင်း)။

**တာဝန်ပေးထားသော ဖတ်စရာများ၊ ရေးသားဖော်ပြရသည့် တုံ့ပြန်မှုများနှင့် နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း**

ဆရာများသည် ကျောင်းသားများအတွက် အတန်းတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ (assignments) ပေးရန် ပြင်ဆင်ရမည်။ ထိုလုပ်ငန်းတာဝန်များတွင် ဖတ်ရှုရမည့် အကြောင်းအရာများ နှင့် ရေးသားဖော်ပြရမည့် တုံ့ပြန်မှုများနှင့် (အဖြေတိုများ၊ စာတမ်းတိုများ နှင့် ရုပ်ပုံများ၊ ဗီဒီယိုများကဲ့သို့သော စာသားပုံစံဖြင့်ဖော်ပြခြင်း မဟုတ်သည့်) အခြားပုံစံများ ပါဝင်သည်။

ထို့အပြင် အခန်း တစ်ခုစီတွင် ကျောင်းသားများကို မတူညီသော သင်ကြားသင်ယူမှုဖြစ်စဉ်များနှင့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ပြန်လည်သုံးသပ်ရန် အားပေးတိုက်တွန်းထားသော အခန်းခွဲများပါဝင်သည်။ ကျောင်းသားများသည် သက်ဆိုင်ရာအခန်း၏ ခေါင်းစဉ်များမှ အသေးစိတ် အကြောင်းအရာတစ်ခုကို ရွေးချယ်ရမည်ဖြစ်ပြီး ကျောင်းသားများ၏ ကျွမ်းကျင်မှုကို လိုက်လျောညီထွေစွာ မြှင့်တင်ပေးနိုင်ရန် နည်းဗျူဟာ အမျိုးမျိုးကို စဉ်းစားတွေးခေါ်ရမည် ဖြစ်သည်။

**စီမံကိန်းများ**

စီမံကိန်း တစ်ခုကို ကျောင်းသားများက တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက် ပူးပေါင်းဆောင်ရွက်ပြီး သော်လည်းကောင်း ပထမနှစ်တွင် ပြီးမြောက်အောင်လုပ်ဆောင်ရမည်။ ထိုသို့ပြုလုပ်စေခြင်းဖြင့် ကျောင်းသားများသည် မိမိတို့၏ မြန်မာစာဘာသာရပ် အကြောင်းအရာ ဗဟုသုတများ အပေါ် နားလည်သဘောပေါက်မှု နှင့် စီမံချက်များကို ပုံဖော်ခြင်း၊ စီစဉ်ခြင်း နှင့် ရေးဆွဲခြင်းမှ ရရှိလာသော ကျွမ်းကျင်မှုများကို သရုပ်ဖော်ပြသနိုင်မည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်မှုသည် ကျောင်းသားများအား ဤမြန်မာစာဘာသာရပ်အတန်းတွင် သင်ယူခဲ့သော အခြေခံဘာသာစကားကျွမ်းကျင်မှု ၄ မျိုးကို မိမိတို့၏နေ့စဉ်ဘဝ တွင် မည်ကဲ့သို့ အသုံးချနိုင်ကြောင်းကို ဖော်ပြနိုင်မည်။

**နောက်ဆုံးစာမေးပွဲ**

ဤဘာသာရပ်တွင် ဆွေးနွေးလေ့လာခဲ့သည့် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတ နှင့် သက်ဆိုင်ရာ သင်ကြားနည်းများအတွက် ပြန်လည်သုံးသပ်ချက်များ ကို စစ်ဆေးအကဲဖြတ်ရန် ရေးဖြေ စာမေးပွဲကို စာသင်နှစ်ဝက် တစ်ခုစီ၏ အဆုံးတွင် ပြုလုပ်မည် ဖြစ်သည်။

## ၇။ သင်ယူမှု အရင်းအမြစ်များ

| Resource Title | Myn | Eng | Author/Org |
|---|---|---|---|
| Language Enrichment Program Grades 1-3 | X | | UNICEF |
| Reading Scale | | X | Centre for Literacy in Primary Education |
| Writing Scale | | X | Centre for Literacy in Primary Education |
| Guide to Using the Reading and Writing Scales | | X | Centre for Literacy in Primary Education |
| Choosing & Using Quality Children's Texts: What We Know Works | | X | Centre for Literacy in Primary Education |
| Poetry in Primary Schools: What We Know Works | | X | Centre for Literacy in Primary Education |
| The Power of Poetry Research Summary | | X | Centre for Literacy in Primary Education |
| Reading for Pleasure: What We Know Works | | X | Centre for Literacy in Primary Education |
| Writing in Primary Schools: What We Know Works | | X | Centre for Literacy in Primary Education |
| MTB MLE Guide [New Dawn Over the Mountains] | | X | Mahidol University |

*[Book 1]* မြန်မာအဘိဓာန်
*[Book 2]*မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း
*[Book 3]*မြန်မာစာပေသမိုင်း
*[Book 4]*စကားပြေသဘောတရားစကားပြေအတတ်ပညာ
မြန်မာစကားပုံနှင့်ဆိုရိုးစကား

*မြန်မာ အက္ခရာသမိုင်း*
*ဂုဏ်၊ အလင်္ကာ၊ ရသ သင်ကြားရေး (မောင်ခင်မင်၊ ဓနုဖြူ)*
*Primary TG, TB*
*EGRA Report*
*မြန်မာကဗျာ ဖွဲ့နည်း (တင်မိုး)*